# အယ်-စ.က အူးကြေငြာစာတမ်း

*This declaration was developed at the Asia Regional Conference on Indigenous Peoples' Rights, Biodiversity, and Climate Change, held on November 5-8, 2023 in Krabi, Thailand.*

**နိဒါန်း**

**"ဘဝနဲ့ မြေက တထပ်တည်းဖြစ်တယ်။ တို့တွေက မြေနဲ့ တသားတည်းပဲ။ တို့ တွေက မြေကနေပေါက်ဖွားလာကြတယ်။မြေထဲ ပဲပြန်ရောက်သွားရတယ်။မြေကို တို့တွေရဲ့ ပိုင်ဆိုင်မှုလို့ မမြင်မိဘူး။ဘာကြောင့်လဲဆိုတော့ တို့ ကမြေနဲ့ ပတ်သက်ဆက်နွယ် သူတွေဖြစ်ကြလို့ပဲ။ ဒါကို နားလည်တယ်ဆိုရင် ဘယ်လို မျှဝေ ပေးကမ်းရမလဲ ဆိုတာပါသိလာမယ်။ဒါပေမဲ့ ဒါကိုနားမလည်းဘူးဆိုရင်တော့ မြေကို ပိုင်ဆိုင်ရဖို့ အတွက် တိုက်ခိုက်သိမ်းပိုက်တာတွေ ဖြစ်လာမှာပဲ။**

**(ဂျော်နီအိုဒိုချာယို,ကရင်လူကြီး)**

**အာရှတိုက်သည် ဌာနေတိုင်းရင်းသားများမှာ မြေယာ၊ပိုင်နက်နယ်မြေ၊ ရေအရင်းအမြစ်များ နှင့် သယံဇာတများကို အဓိက ကျသော အခန်းကဏ္ဍမှ နေ၍ စီမံအုပ်ချုပ်ထိန်း သိမ်းစောက်ရှောက်ပြီး ဇီဝမျိုးကွဲ မျိုးစုံများ နှင့် ယဉ်ကျေးမှုများစွာ ကွဲပြားစုံလင်မှု ရှိသောဒေသကြီး တစ်ခု ဖြစ်ပါသည်။ သို့သော်လည်း ကျွန်ုပ်တို့သည် ရာသီဥတုပြောင်းလဲခြင်း၊ သစ်တောပြုန်းတီးခြင်း၊ မြေဆီလွှာပျက်စီးခြင်း၊လူ့အခွင့်အရေးချိုးဖောက်ခံရခြင်း နှင့်ဖွံ့ဖြိုးရေး အမည်ခံ စီမံကိန်းများတို့ မှ စိန်ခေါ်မှုများနှင့်ခြိမ်းခြောက်မှုမျိုးစုံကို ရင်ဆိုင်ကြုံတွေ့နေရပါသည်။ ထိုကြောင့် ကျွန်ုပ်တို့၏ တန်းဖိုးထားမှုများ၊ ဓလေ့များ ပိုင်နက်နယ်မြေ၊ ရေအရင်းအမြစ်များ နှင့် သယံဇာတများကို အစိုးရများ မှ ထောက်ပံ့ ပေးခြင်းအသိအမှတ်ပြုပေ ခြင်းတို့ ကိုမှုချလိုအပ်ပါသည်။**

ကျွန်ုပ်တို့၏ မြေယာ၊ ပိုင်နက်နယ်မြေ၊ရေအရင်မြစ်များနှင့် သယံဇာတများကို ရာစုနှစ်ပေါင်း ကာကွယ်စောက်ရှောက်ခဲ့သော ကျွန်ုပ်တို့၏နှင့် သက်ကြီးရွယ်အိုများ၏ ဉာဏ်ပညာဖြင့် **လမ်းညွှန်မှုပေးသည်**။

မြေယာ၊ ပိုင်နက်နယ်မြေများ၊ ရေအရင်းအမြစ်များ၊ သဘာဝ နှင့် ရိုးရာယဉ်ကျေးမှုများကို စောက်ရှောက်ရမည့် ဖြစ်သော ကျွန်ုပ်တို့၏ အခန်းကဏ္ဍကို ကျေပြွန်အောင် ဆောင်ရွက်မည်ဟု **ဂတိပြုပါသည်**။

***E-sak Ka Ou Declaration***

"E-sak Ka Ou" is a term used by the Urak Lawoi Indigenous Peoples to refer to the place where their ancestors first settled on Lanta Island, Krabi Province, Thailand. It means the gill of the Manta ray.

ဌာနေတိုင်းရင်းသားများ၏ တန်ဖိုးထားမှုများ ဖြစ်သော ရပ်ရွာညီညွတ်မှု၊ အနာဂတ်မျိုး ဆက်သစ်များ နှင့် အခြားရပ်ရွာ လူထုအပေါ် ဂရုစိုက်ပေးခြင်း၊ ဝေမျှပေးကမ်းခြင်း တို့ကို ဆက်လက်မြင့်တင်သွား လိုအပ်သောဆန္ဒဖြင့် **လှုံ့ဆော်ခြင်းခံရပါသည်။**

ကျွန်ုပ်တို့၏ ဘဝအဆင့်အတန်းကို နိမ့်ကျ လာစေသည် သာမက ယဉ်ကျေးမှုများကိုပါ ခြိမ်းခြောက်နေပြီး လက်ရှိ နှင့် အနာဂတ်မျိုးဆက်သစ်များ၊ ကမ္ဘာဂြိုလ်နှင့် ကမ္ဘာပေါ်ရှိ သက်ရှိများအတွက် စိတ်ပျက်စရာ အနာဂတ်ဖြစ်လာမည်ဟု ခန့်မှန်းထားသော အလျင်အမြန် ဆုံးရှုံးနေသော ဇီဝမျိုးကွဲမျိုးစုံများ၊ ထိန်းချုပ်မရသော ကမ္ဘာကြီး ပူနွေးလာမှု နှင့် နေရာအနှံ့ ကြုံတွေ့နေရသော ညစ်ညမ်းမှုများအားဖြင့် သတိပေး **နှိုးဆော်ခံရပါသည်။**

ဇီဝမျိုးကွဲမျိုးစုံ၊ ရာသီဥတုနှင့် ညစ်ညမ်းမှုပြဿနာများသည် လူသားနှင့် ဌာနေတိုင်းရင်းသားများ၏ အခွင့်အရေးကို ချိုးဖောက်နေပြီး ကျူးလွန်သည်နှင့် တာဝန်ရှိသူတို့မှ တာဝန်ခံဖြေရှင်းပေးမည် ဖြစ်သော တရားမျှတမှုမရှိသည့် လူမှုစီးပွားရေးနှင့် နိုင်ငံရေးအဆောက်အအုံနှင့် ဆက်နွယ်မှုများအပေါ် မြစ်ဖျားခံထားသည်ကို သတိပြု**မိပါသည်။**

ဌာနေတိုင်းရင်းသားများ၏ တန်ဖိုးထားမှုများ ဖြစ်သော ရပ်ရွာညီညွတ်မှု၊ အနာဂတ်မျိုး ဆက်သစ်များ နှင့် အခြားရပ်ရွာ လူထုအပေါ် ဂရုစိုက်ပေးခြင်း၊ ဝေမျှပေးကမ်းခြင်း တို့ကို ဆက်လက်မြင့်တင်သွား လိုအပ်သောဆန္ဒဖြင့် လှုံ့ဆော်ခြင်းခံရပါသည်။
ကျွန်ုပ်တို့၏ ဘဝအဆင့်အတန်းကို နိမ့်ကျ လာစေသည် သာမက ယဉ်ကျေးမှုများကိုပါ ခြိမ်းခြောက်နေပြီး လက်ရှိ နှင့် အနာဂတ်မျိုးဆက်သစ်များ၊ ကမ္ဘာဂြိုလ်နှင့် ကမ္ဘာပေါ်ရှိ သက်ရှိများအတွက် စိတ်ပျက်စရာ အနာဂတ်ဖြစ်လာမည်ဟု ခန့်မှန်းထားသော အလျင်အမြန် ဆုံးရှုံးနေသော ဇီဝမျိုးကွဲမျိုးစုံများ၊ ထိန်းချုပ်မရသော ကမ္ဘာကြီး ပူနွေးလာမှု နှင့် နေရာအနှံ့ ကြုံတွေ့နေရသော ညစ်ညမ်းမှုများအားဖြင့် သတိပေး **နှိုးဆော်ခံရပါသည်။**

ဇီဝမျိုးကွဲမျိုးစုံ၊ ရာသီဥတုနှင့် ညစ်ညမ်းမှုပြဿနာများသည် လူသားနှင့် ဌာနေတိုင်းရင်းသားများ၏ အခွင့်အရေးကို ချိုးဖောက်နေပြီး ကျူးလွန်သည်နှင့် တာဝန်ရှိသူတို့မှ တာဝန်ခံဖြေရှင်းပေးမည် ဖြစ်သော တရားမျှတမှုမရှိသည့် လူမှုစီးပွားရေးနှင့် နိုင်ငံရေးအဆောက်အအုံနှင့် ဆက်နွယ်မှုများအပေါ် မြစ်ဖျားခံထားသည်ကို သတိပြု**မိပါသည်။**

## တကမ္ဘာလုံး ကတိကဝတ်ပြုရန်နှင့် လူမှုအသိုက်အမြုံတခုလုံး ချဉ်းကပ်ရန်အတွက် အရေးကြီး၍ အရေးပါ

ဇီဝမျိုးစုံမျိုးကွဲနှင့် ရာသီဥတုဆိုင်ရာပြဿနာများသည် ဖြေရှင်းဆောင်ရွက်နိုင်ရန် အရေးတကြီး လိုအပ်လျက်ရှိကြောင်းကို အလွန်အမင်းသိသာထင်ရှားစွာ တွေ့မြင်နေရပြီး ကျွန်ုပ်တို့၏ ရပ်ရွာထဲတွင်လည်း နေ့စဉ်နှင့်အမျှကြုံတွေ့ခံစားနေရပါသည်။ ၎င်းပြဿနာများသည် ကျွန်ုပ်တို့၏ ယဉ်ကျေးမှု၊ အသက်ရှင်နေထိုင်မှုပုံစံနှင့် ဌာနေတိုင်းရင်းသားများ၏ ဂေဟစနစ်များအားလုံးနှင့် ကမ္ဘာ့ရပ်ဝန်းအားလုံးနှင့်ဆိုင်သော အသိပညာဗဟုသုတများ အပေါ် ထိခိုက်မှုများရှိနေပါသည်။ ရာသီဥတုပြောင်းလဲခြင်းနှင့် ဇီဝမျိုးစုံမျိုးကွဲ ဆုံးရှုံးခြင်းများသည် ကျွန်ုပ်တို့လူအများအတွက် သေရေးရှင်ရေးတမျှအရေးပါပြီး ကျွန်ုပ်တို့ရှင်သန်ဖို့ အခွင့်အရေးနှင့် သန့်ရှင်း၊ ကျန်းမာ၍ ရေရှည်တည်တံ့ခိုင်မြဲသော သဘာဝပတ်ဝန်းကျင် အတွက် ချိန်ခွင်ညှာပေါ်တွင် ရှိနေပါသည်။ ဤကဲ့သို့အရေးပေါ် အနေအထားဖြစ်နေခြင်းကို လည်း ဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ သဘောတူညီချက်နှင့် ရာသီဥတုပြောင်းလဲခြင်းဆိုင်ရာ မူဘောင်သဘောတူညီချက်ဆိုင်ရာ ကုလသမဂ္ဂ၏လုပ်ငန်းစဉ်များမှ ရှင်းလင်းစွာဖော်ပြထားပြီး ဖြစ်ပါသည်။ ၎င်းလုပ်ငန်းစဉ်များမှ အပြောင်းအလဲကို ဖော်ဆောင်နိုင်သော ပြုပြင်ပြောင်းလဲမှုမျိုးကို တောင်းဆိုထားပြီး ပုံမှန်လုပ်ရိုးလုပ်စဉ်နည်းလမ်း များသည် ရွေးချယ်စရာမဟုတ်တော့ကြောင့်ကို အလေးထားဖော်ပြကြပါသည်။ ၎င်းတို့က အစိုးရ တစ်ရပ်လုံးနှင့် လူ့အသိုင်းအဝိုင်းတစ်ရပ်လုံးမှ အတူ ဝိုင်းဝန်းလုပ်ဆောင်ရန်၊ နိုင်ငံအဆင့်နှင့်တိုင်းဒေသအဆင့် အားလုံးတွင်အလွန်အမင်းအရေးပေါ်အခြေအနေ ဖြစ်နေသောကြောင့်တိုက်တွန်းနှိုးဆော် လိုက်ပါသည်။

ကမ္ဘာအဆင့်လုပ်ငန်းစဉ်များတွင် ကျွန်ုပ်တို့၏ကူညီဆောင်ရွက်မှုများ၊ အခွင့်အရေးများ အသိပညာ ဗဟုသုတနှင့် တန်ဖိုးထားမှုများကို ပိုမိုအသိအမှတ်ပြု လေးစားမှုများကို အသိအမှတ်ပြု ကြိုဆိုသော်လည်းကောင်း အသိအမှတ်ပြုလေးစားမှုမျိုးကို နိုင်ငံအဆင့် လုပ်ငန်းစဉ်များ၊ ဥပဒေများနှင့် မူဝါဒဆိုင်ရာမူဘောင်များတွင် ပြန်လည်ထည့်သွင်း ဆောင်ရွက်ခြင်း မရှိသည့်အပေါ် လွန်စွာ စိုးရိမ်ပူပန်မိပါသည်။ နိုင်ငံတော်တော်များများတွင် ကုလသမဂ္ဂဌာနေတိုင်းရင်းသားဆိုင်ရာ အခွင့်အရေး ကြေညာစာတမ်း၊ အမျိုးသမီးများ အား နည်းမျိုးစုံဖြင့် ခွဲခြားထားမှု ပပျောက်ရေးသဘောတူစာချုပ်၊ အထွေထွေ တိုက်တွန်း ချက်အမှတ်စဉ်၃၉၊ ကုလသမဂ္ဂ ဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ သဘောတူညီချက်မှ ကုမင်း- မွန်ထ ရီရယ် ကမ္ဘာဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ မူဘောင်သဘောတူညီချက်နှင့် ရာသီဥတုပြောင်းလဲခြင်း ဆိုင်ရာ ရစ်သဘောတူညီချက်ကဲ့သို့သော နိုင်ငံတကာဥပဒေများနှင့် စံချိန်စံညွှန်းများသည် နိုင်ငံအဆင့် ဥပဒေများနှင့် ကွဲလွဲသွေဖီမှုများရှိနေပါသည်။

အမျိုးသားအဆင့် ဇီဝမျိုးစုံမျိုးကွဲဆိုင်ရာမဟာဗျူဟာလုပ်ငန်းစီမံချက်များနှင့် ရာသီဥတု ဆိုင်ရာ နိုင်ငံ၏ ဂတိကဝတ်များတို့တွင်ပူးပေါင်းပါဝင်ခြင်း၊
လူမှုအသိုင်းအဝန်း တခုလုံးဝိုင်းဝန်းလုပ်ဆောင်ခြင်း နည်းလမ်းကိုအကောင်အထည်ဖော် ဆောင်နိုင်ရန်အတွက် အစိုးရများမှ ဇီဝမျိုးစုံမျိုးကွဲ နှင့် ရာသီဥတုပြောင်း လဲခြင်းဆိုင်ရာ ဆုံးဖြတ်ချက်ချမှတ်ခြင်းတို့တွင် အမျိုးသမီး၊ လူငယ်နှင့် ခြားနားစွာသန်စွမ်းသူများ အပါအဝင် ဌာနေတိုင်းရင်းသားများမှ အပြည့်အဝနှင့် ထိထိရောက်ရောက်ပါဝင်နိုင်ရေးကို သေချာစေရန်အတွက် တောင်းဆိုပါသည်။ ဤအချက်သည် အမျိုးသားအဆင့်ဇီဝမျိုးစုံမျိုးကွဲ ရာမဟာဗျူဟာများနှင့် လုပ်ငန်း စီမံချက်များကို ကူမင်း- မွန်ထရီရယ် ကမ္ဘာဇီမျိုးကွဲမျိုးစုံဆိုင်ရာ မူဘောင်သဘောတူညီချက်နှင့် ပြန်လည် ချိန်ညှိပြင်ဆင်သည့်အခါနှင့် ရသီဥတု ပြောင်းလဲခြင်းဆိုင်ရာနိုင်ငံ၏ ဂတိကဝတ်များထဲတွင် ဌာနေတိုင်း ရင်းသားများအတွက် သီခြားနေရာချထားပေးရေးအစီအစဉ် အကောင်အထည်ဖော်ချိန်၊ သုံးသပ်ပြင်ဆင်ချိန် တို့တွင် အထူးအရေးပါလှပါသည်။ ၎င်းဖြစ်စဉ်အားလုံး၏ အဆင့်တိုင်းတွင် ထိရောက်သော ပူးပေါင်းပါဝင်မှု ယန္တရားကို အရေးတကြီး ထည့်သွင်းတည်ထောင်ရမည်ဖြစ်ပါသည်။

နိုင်ငံအဆင့်နှင့်တိုင်းဒေသကြီးအဆင့်များသို့မဟုတ် ရှိနှင့်ပြီးသောအနေအထား မှအစပြု အားကောင်းစေပြီး ကျွန်ုပ်တို့၏အခွင့်အရေးကို ထိခိုက်နစ်နာစေပြီး ချိုးဖောက်နေသောကြောင့် အဲန်းဘီးစပ်( NBSAPS) နှင့် အဲန်ဒီစီ (NDC) တို့ကိုအထက်မှအောက်ဆက်ဆံခြင်းမျိုး၊ ရာသီဥတုပြောင်းလဲမှု လျော့ချရေးနှင့် လိုက်လျောညီထွေ ရေးလုပ်ဆောင်ချက်များကို လွတ်လင်စွာကြိုတင်အသိပေး တိုင်ပင်ခြင်းနှင့် လူထုသဘောထားရယူခြင်း (အက်ပ်ဖိအိုင်စီ) မပါဝင်ဘဲလုပ်ဆောင်ခြင်းမျိုးဖြင့် အာရုံစိုက်လုပ်ဆောင်ရန် မသင့်တော်ပါ။ အန်ဘီစပ် (NBSAPS)နှင့်အဲန်ဒီစီ(NOCS)တို့ကိုလူ့အခွင့်အရေးကိုအခြေခံသောချည်းကပ်နည်းဖြင့် ဆောင်ရွက်သင့်ပြီး ကျွန်ုပ်တို့၏ မြေယာ၊ ပိုင်နက်နယ်မြေများ၊ ရေအရင်းအမြစ်များနှင့် သယံဇာတများအပေါ်တွင် ဇီဝမျိုးစုံမျိုးကွဲနှင့် ရာသီဥတုဆိုင်ရာဆောင်ရွက်ခြင်းများတွင် လွတ်လပ်စွာကြိုတင်အသိပေးတိုင်ပင်ခြင်းနှင့် လူထုသဘောထားရယူခြင်း (အကပ်ဖီအိုင်စီ) ကို သေချာစွာဆောင်ရွက်ပြီး ကျွန်ုပ်တို့၏ဘုံမြေယာပိုင်ဆိုင်မှု အခွင့်အရေးများ လုံခြုံ သေချာစေရန်အတွက်ခိုင်မာသော ရည်မှန်းချက်များထားရှိဆောင်ရွက်ရပါမည်။ ကျွန်ုပ်တို့၏ ကူညီဆောင်ရွက်မှုများ၊ တန်ဖိုးထားမှုများ၊ ဓလေ့ထုံးတမ်းများနှင့် အမြင်သဘောထားများကို အသိအမှတ်ပြုပေးရပါမည်။

## ရာသီဥတုပြောင်းလဲခြင်းနှင့် ဇီဝမျိုးစုံမျိုးကွဲ ထိန်းသိမ်းစောင့်ရှောက်ခြင်းဆိုင်ရာ ဌာနေတိုင်းရင်းသား အသိပညာ ဗဟုသုတ၏တန်ဖိုး

ကျွန်ုပ်တို့၏အသိပညာဗဟုသုတသည် တလုံးတဝတည်းဖြစ်ပြီး ကျွန်ုပ်တို့နေထိုင်ရှင်သန်နေသည့် ကမ္ဘာမြေ၏အပြန်အလှန်ဆက်နွယ်မှုများကို ရှုမြင်သည်။ ဤအသိပညာသည် ကျွန်ုပ်တို့၏ပိုင်နက် နယ်မြေများ၏ ယဉ်ကျေးမှုနှင့် ဂေဟဗေဒမြေပုံပင်ဖြစ်သည်။ ဤအသိပညာသည် ကျွန်ုပ်တို့ရပ်ရွာ သာယာဝပြောရေးနှင့် ယဉ်ကျေးမှုကြံ့ကြံ့ခိုင်နိုင်ရေးအတွက် အခြေခံဖြစ်ပြီး ကျွန်ုပ်တို့၏ ဝိညာဉ်ရေးရာယုံကြည်မှုတွင် မမြင်နိုင်သည့်အခြေအနေရပ်များနှင့် ကောင်းမွန်သော ဆက်ဆံရေးကို ထိန်းသိမ်းထားသည်။

ကျွန်ုပ်တို့၏အသိပညာဗဟုသုတများကို စဉ်ဆက်မပြတ်ဖော်ထုတ်ခြင်း၊ ပြုစုထိန်းသိမ်းခြင်းနှင့် မျိုးဆက်များအချင်းချင်းကြားတွင် လွှဲပြောင်းပေးခြင်းသည် ကျွန်ုပ်တို့၏သာယာဝပြောရေးနှင့် ဂေဟဗေဒနှင့် သဘာဝပတ်ဝန်းကျင်ချိန်ညှိခြင်းအတွက် ပြန်လည်ပြုစုမွမ်းမံခြင်းနှင့် ဂြိုလ်ကမ္ဘာပေါ်ရှိ သက်ရှိများအတွက်အလွန်အရေးပါနေပါသည်။ ကျွန်ုပ်တို့၏အသိပညာဗဟုသုတ များကို သက်ကြီးရွယ်အိုများ၊ အမျိုးသမီးများ၊ လူငယ်များနှင့် ကလေးသူငယ်များမှ ရပ်ရွာ၏ ဘုံပိုင်ဆိုင်မှုနှင့် တန်းတူညီမျှမှုအတွက် စုပေါင်းထိန်းသိမ်းကြပါသည်။ သို့သော် ကျွန်ုပ်တို့၏ အသိပညာဗဟုသုတများသည် ပြင်ပမှအကြောင်းအရင်းများကြောင့် ကျဆင်းလာနေပါသည်။ ကျွန်ုပ်တို့၏ပညာရေးစနစ်များ ဖျက်ဆီးခံရမှုနှင့် ကျွန်ုပ်တို့၏ယဉ်ကျေးမှုများနှင့် မျက်မှောက်ရေးရာအခြေအနေ များအပေါ် သုံးသပ်မှုတို့ကို တန်ဖိုးထားမှုလျော့နည်းလာခြင်းကဲ့သို့သော

(UNCBD) ယူမဲန်စီဘီဒီ နှင့် (UNFCC) ယူအဲန်အက်ဖ်စီစီ အထူးသဖြင့် နိုင်ငံအဆင့် လိုက်လျောညီထွေရေးစီမံချက် များနှင့် NBSAPS အဲန်ဘီအက်စ်၊ NDCS အဲန်ဒီ တို့၏ သတ်မှတ်စံနှုန်းများနှင့် ရည်ရွယ်ချက်များ ပြည့်မီနိုင်စေရန် အတွက် ကျွန်ုပ်တို့၏ တလုံးတဝဖြစ်သောသဘောသဘာဝရှိသည့် အသိပညာဗဟုသုတနှင့် ဆိုင်သောနည်းစနစ်များနှင့်၎င်းတို့၏ အရေးပါသော အခန်းကဏ္ဍကို ကမ္ဘာ့ရပ်ရွာလူထုများနှင့် တာဝန်ရှိသူများမှ အသိအမှတ် ပြုပေးရန်တောင်းဆိုပါသည်။

ကျွန်ုပ်တို့၏ အသိပညာဗဟုသုတများကို မှတ်တမ်းတင်ပြုစုခြင်းနှင့်ကောင်းမွန်သော ဓလေ့ထုံးထမ်းကျင့် သုံးမှု များကိုဖြန့်ဝေပေးခြင်းဖြင့်ပြန်လည်အသက်ဝင်လာအောင် ကြိုးပမ်းဆောင်ရွက်မည်ဖြစ်ပြီး ထိုကဲ့သို့သော သက်သေသာဓကများ ထုတ်ဖော်နိုင်ခြင်းသည် နိုင်ငံအဆင့်မူဝါဒ ဖော်ထုတ်ချမှတ်ခြင်းများထဲတွင် ထည့်သွင်းနိုင် စေရန်မြှင့်တင်ပေးနိုင်မည်ဖြစ်သည်။ ထိုကဲ့သို့ဆောင်ရွက်နိုင်ရန်အတွက် ဌာနေတိုင်းရင်းသားအဖွဲ့အစည်းနှင့် ရပ်ရွာလူထုများထံသို့ တိုက်ရိုက်ပံ့ပိုးပေးသည့် ရံပုံငွေများကို လုံလောက်စွာ ခွဲခန့်ထားပေးရပါမည်။

# ထိန်းသိမ်းစောင့်ရှောက်ခြင်းတွင် ဌာနေတိုင်းရင်းသားတို့၏ အခွင့်အရေးများ ကို အသိအမှတ်ပြုခြင်း

KMGBF (ကေအဲမ်ဂျီဘီအက်ဖ်) ၏ရည်မှတ်ချက် ၃ တွင် ၂၀၃၀ ခုနှစ်၌ ၃၀% သောမြေယာ၊ ပိုင်နက်နယ်မြေ၊ ရေအရင်းအမြစ်နှင့် သမုဒ္ဒရာနယ်ပယ်များကို ထိန်းထိမ်းစောက်ရှောက်ရေး ဧရိယာများနှင့် ဌာနေတိုင်းရင်းသားပိုင်နက်နယ်မြေများကို အသိအမှတ်ပြုသောအခြားသော နည်းလမ်းများမှ တဆင့်ထိရောက်စွာထိန်းသိမ်းစောင့်ရှောက်ပြီး စီမံအုပ်ချုပ်သွားမည်ဟုပါရှိ ထားပါသည်။ သို့သော်လည်း တိုင်းပြည် ဥပဒေများနှင့် မူဝါဒရေးရာမူ ဘောင်များတွင် ကာကွယ်တောနှင့် ထိန်းသိမ်းရေး လုပ်ငန်းများကို ကိုလိုနီအမွေအနှစ်ဖြစ်သည့် ထိန်းသိမ်းရေး လုပ်ငန်းကို ခံတပ်စနစ်ဖြင့် ဆက်လက်လုပ်ဆောင်ရန် ဖြစ်နေပြီ ဌာနေတိုင်းရင်းသားများ၏ ဘုံပိုင်ဆိုင်မှုစနစ်ဖြင့် မိမိတို့မြေယာ၊ ပိုင်နက်နယ်မြေ၊ ရေအရင်းအမြစ်နှင့် သယံဇာတများကို ထိန်းသိမ်းစောင့်ရှောက်သော ဓလေ့ကို အသိအမှတ်ပြုခြင်း မရှိပါ။ ဤကဲ့သို့ ဆောင်ရွက်ခြင်း မျိုးသည် ကျွန်ုပ်တို့၏ အခွင့်အရေးကို ဆက်လက်ချိုးဖောက်နေပြီး ရပ်ရွာလူထုကိုနေရာ ရွှေ့ပြောင်းစေခြင်း၊ ဌာနေတိုင်းရင်းသား အခွင့်အရေးကာကွယ်သူများကို ဥပဒေချိုးဖောက် သူများ ဖြစ်လာစေခြင်း ပြဿနာအငြင်းပွားမှုများ ပေါ်ပေါက်လာစေခြင်းနှင့် အပြုသဘော ဆောင်သောဇီဝမျိုးစုံမျိုးကွဲ ထိန်းသိမ်းနိုင်မည့် ရလဒ်များကို ပျက်ပြားစေနိုင်ပါသည်။

ရည်မှန်းချက် ၃ ကို ပြည့်မှီနိုင်စေရန်အတွက် အစိုးရများ၊ ထိန်းသိမ်းရေးဆောင်ရွက်နေသော လူမှုအဖွဲ့အစည်းများနှင့် သက်ဆိုင်သောအဖွဲ့အစည်းများမှ နေ၍၎င်းတို့၏ ထိန်းသိမ်းရေး ဥပဒေနှင့် မူဝါဒမူဆောင်များ ကိုပြန်လည် ပြင်ဆင်ပေးရန်နှင့် ၎င်းတို့၏ မဟာဗျူဟာ လုပ်ငန်းစဉ် များတွင် ထိန်းသိမ်းရေးတောများနှင့် အခြားသော ဧရိယာ အခြေခံ ထိထိရောက် ရောက် ထိန်းသိမ်းရေး လုပ်ဆောင်မှုများနှင့် ကွဲပြားသည့် တတိယလမ်းစဉ် အနေဖြင့် ဌာနေ တိုင်းရင်းသားများ၏ နယ်နိမိတ်များကို အသိအမှတ်ပြုပေးရန်တောင်းဆိုပါသည်။ အစိုးရများ၊ ငွေကြေးရံပုံငွေ အဖွဲ့အစည်းများနှင့် စီးပွားရေး လုပ်ငန်းများမှ ပြစ်မှု ကျူးလွန်သူအနေဖြင့် ပုံ သွင်းဖိနှိပ်ခြင်း၊ ဌာနေတိုင်းရင်းသားများအတွက် အား ကွက်မျက်ခြင်းကိုအဆုံးသတ် မွေးပြီး ရာသီဥတုပြောင်းလဲမှုနှင့် ဇီဝမျိုးစုံမျိုးကွဲ ထိန်းသိမ်းစောင့်ရှောက်ရေး အစီအစဉ်၊ စီမံကိန်းများ နှင့် လှုပ်ရှားဆောင်ရွက်မှုများကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် မည်သည့် လူ့ အခွင့်အရေးချိုးဖောက်မှုမျိုးမှ မရှိစေရန် သေချာအောင်ဆောင်ရွက်ရပါမည်။ ကျွန်ုပ်တို့၏ ဌာနေတိုင်းရင်းသားနည်းလမ်းဖြင့် ပိုင်နက်နယ်မြေများကို ထိန်းသိမ်းစောင့်ရှောက်ခြင်းနှင့် သယံဇာတများကို ရေရှည်အသုံးပြုသည့် နည်းလမ်းများကို ထောက်ခံအားပေးရမည် ဖြစ် ပါသည်။

## ကာဘွန်ဈေးကွက်နှင့် ဇီဝမျိုးစုံမျိုးကွဲပေးသွင်းငွေများ

မည်သည့် ကာဘွန်နှင့် ဇီဝမျိုးစုံမျိုးကွဲပေးသွင်းငွေ စီမံကိန်း သို့မဟုတ်အစီအစဉ်ကိုမဆို ကျွန်ုပ်တို့၏ မြေပိုင်နက်နယ်မြေနှင့် ရေအရင်းအမြစ်များအပေါ်တွင် လွတ်လပ်စွာကြိုတင်အသိပေး တိုင်ပင်ခြင်းနှင့် လူထုသဘောထားရယူခြင်း (အက်ဖ်ဖီအိုင်စီ) မရရှိပဲ လုပ်ဆောင်ခွင့် မရှိပါ။ ကျွန်ုပ်တို့ အနေဖြင့် ဤဈေးကွက်များ၊ ၎င်းတို့မှ ကျွန်ုပ်တို့၏ ရိုးရာအဖွဲ့အစည်းနှင့် စကြာဝဠာဗေဒ အပေါ်မည့်ကဲ့သို့ အကျိုးသက်ရောက်မှုရှိနိုင်သည်၊၎င်းတို့မှ ကျွန်ုပ်တို့၏ မြေယာပိုင်နက်နယ်မြေ၊ ရေအရင်းအမြစ်၊ သယံဇာတနှင့် ယဉ်ကျေးမှုတည်တံ့ခိုင်မြဲရေး အပေါ်မည်သို့ ညွှန်ပြနေသည်ကို ပွင့်လင်းမြင်သာမှုရှိပြီး စုံလင်သော သတင်းအချက်အလက် ရရှိရန် လိုအပ်ပါသည်။ သတင်းအချက်အလက်ရရှိရန် လိုအပ်ပါသည်။သတင်းအချက်အလက် သိရှိပြီး ဆုံးဖြတ်ချက်အတူတကွချမှတ်နိုင်ရန်နှင့် မျှတပြီးတန်းတူညီမျှ ရှိသော အကျိုးအမြတ်ခွဲဝေရေး အစီအစဉ်များ ဆောင်ရွက်ရာတွင် ညှိနှိုင်း နိုင်ရေးအတွက် ဌာနေတိုင်းရင်းသားများ အပြည့်အဝ ပူးပေါင်းပါဝင်ထားသော ယဉ်ကျေးမှု၊ သဘာဝ ပတ်ဝန်းကျင်နှင့် လူ့အခွင့်အရေးအပေါ် အကျိုးသက်ရောက်နိုင်မှုများအား စစ်တမ်းကောက်ယူ ဆန်းစစ်ခြင်းကို ဆောင်ရွက်ရပါမည်။

ကာဗွန်နှင့် ဇီဝမျိုးစုံမျိုးကွဲ ဆိုင်ရာဈေးကွက်များသည် သမိုင်းကြောင်းအရ ရာသီဥတု ပြောင်းလဲခြင်းဆိုင်ရာ ဖြစ်ပေါ်စေခြင်းအတွက် တာဝန်ရှိသူများ ဖြစ်သော ညစ်ညမ်းစေသူနှင့် လုပ်ဆောင် သူများမှ ကာဗွန်ထုတ်လုပ်မှုကို တဟုန်ထိုး လျော့ချရမည့် အဓိက ရည်မှန်းချက်ကို အနှောင့်အယှက် ဖြစ်စေနိုင်ပါသည်။ ခုနှိမ်ခြင်း သဘောတရားများသည် စစ်မှန်သောဖြေရှင်းမှု မဟုတ်နိုင်ပါ။ အစိမ်းရောင်ဖန်လုံအိမ် ဓာတ်ငွေ့များကိုလျော့ချခြင်းသာလျှင် အဓိကကျသောအရင်းအမြစ်ဖြစ်ပါသည်။ သဘာဝတရားကို ကုန်ပစ္စည်းအဖြစ် အခြေခံထားသည့် ကာဗွန်နှင့် ဇီဝမျိုးစုံမျိုးကွဲဆိုင်ရာဈေးကွက်များကို ကျော်လွန်ပြီး ရပ်ရွာ လူထုမှ ဦးဆောင်ပံ့ပိုးသည့်စနစ်နှင့် စံချိန်များကို ရှေ့ဆက်ဆောင်ရွက်နိုင်ဖို့ မဖြစ်မနေလိုအပ်ပါသည်။

## အစီအစဉ်ချမှတ်ခြင်း၊ အကောင်အထည်ဖော်ဆောင်ခြင်း၊ လေ့လာသုံးသပ်ခြင်းနှင့် အစီရင်ခံစာတင်ပြခြင်း တို့တွင် ဌာနေတိုင်းရင်းသားတို့၏ အခန်းကဏ္ဍများ

ဇီဝမျိုးစုံမျိုးကွဲနှင့် ရာသီဥတုပြောင်းလဲခြင်းဆိုင်ရာ အစီအစဉ်ချမှတ်ခြင်း၊ အကောင်အထည်ဖော်ဆောင်ခြင်း၊ လေ့လာသုံးသပ်ခြင်းနှင့် အစီရင်ခံတင်ပြခြင်း (၎င်းလုပ်ငန်းစဉ်အဆင့်တိုင်းအတွက် လိုအပ်သော စုပေါင်း အချက်အလက်ကောက်ယူဖော်ထုတ်ခြင်း အပါအဝင်) တို့တွင် ဌာနေတိုင်းရင်းသူအမျိုးသမီး၊ လူငယ်များနှင့် ခြားနားစွာသန်စွမ်းသူများအားလုံး အပြည့်အဝ၊ ထိထိရောက်ရောက်နှင့် ညီညွတ်မျှတစွာ ပူးပေါင်းပါဝင် နိုင်စေရေးအတွက် အစိုးရနှင့် သက်ဆိုင်သောလုပ်ငန်းဆောင်ရွက်သူအားလုံးမှ သေချာစွာ ဆောင်ရွက်ပေးရန် ကျွန်ုပ်တို့ တောင်းဆိုပါသည်။

အစိုးရများမှ ရာသီဥတုနှင့် ဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ လှုပ်ရှားဆောင်ရွက်မှုများအတွက် အစီအစဉ်ချမှတ်ရာတွင် နည်းပညာနှင့် ငွေကြေးပံ့ပိုးမှုကဲ့သို့သော ပံ့ပိုးရေးလုပ်ငန်းစဉ်များကို ထည့်သွင်းရေးဆွဲရပါမည်။ UNDRIP - ယူအဲန်ဒရစ် နှင့် ကိုက်ညီမှုရှိသော လွတ်လပ်စွာကြိုတင်အသိပေးတိုင်ပင်ခြင်းနှင့် လူထုသဘောထားရယူခြင်း (အက်ဖ်ပီအိုင်စီ) ကဲ့သို့သော လုံခြုံစိတ်ချရသော အစီအမံများဖြင့် လုပ်ငန်းအစီအစဉ်နှင့် ရံပုံငွေများ ပေးအပ်ခြင်းကို အကောင်အထည်ဖော်ဆောင်ရွက်သင့်ပါသည်။

ကျွန်ုပ်တို့၏ အသိပညာဗဟုသုတဆိုင်ရာနည်းစနစ်များ၏ ပူးပေါင်းလုပ်ဆောင်ပေးနိုင်ခြင်း၊ စံချိန်စံညွှန်းနှင့် နည်းလမ်းများကို သိပ္ပံနှင့်နည်းပညာဆိုင်ရာ စွန့်ဦးတီထွင်ခြင်းများနှင့် တန်းတူအသိအမှတ်ပြုပေးပြီး ဇီဝမျိုးစုံမျိုးကွဲနှင့် ရာသီဥတုပြောင်းလဲခြင်းအတွက် ရပ်ရွာအခြေပြုစောင့်ကြည့်သုံးသပ်ခြင်းနှင့် သတင်း အချက်အလက်ပေးရေးစနစ်ဖြင့် ပူးပေါင်းဆောင်ရွက်မှု အဆင့်တိုင်းကို အသိအမှတ်ပြုပြီး တိုက်ရိုက်ရံပုံငွေပံ့ပိုးခြင်း အပါအဝင် ပံ့ပိုးမှုများဖြင့် အစိုးရများမှ ဆောင်ရွက်ရပါမည်။

## ဆုံးရှုံးမှုနှင့် ထိခိုက်ပျက်စီးမှု

ကမ္ဘာကြီးပူနွေးလာမှုနှင့် ဇီဝမျိုးစုံမျိုးကွဲဆုံးရှုံးရခြင်းတို့အတွက် အနည်းဆုံးထိခိုက်စေနိုင်သည့်သူများ ဖြစ်သော်လည်း ဌာနေတိုင်းရင်းသားများသည် ရာသီဥတုပြောင်းလဲမှုကြောင့် ငွေကြေးအရဖြစ်စေ၊ ငွေကြေး မဟုတ်သည့်ဖြစ်စေ ဆုံးရှုံးမှုနှင့်ထိခိုက်ပျက်စီးမှုကို ပြင်းထန်စွာတွေ့ကြုံခံစားနေရပါသည်။ အစိုးရများမှ ဆုံးရှုံးမှုနှင့် ထိခိုက်ပျက်စီးမှုဆိုင်ရာ ရံပုံငွေထဲတွင် ဌာနေတိုင်းရင်းသားကိုယ်ပိုင်မူဝါဒထားရှိရန်နှင့် ရံပုံငွေဆိုင်ရာအဆိုပြုဖွဲ့စည်းအုပ်ချုပ်ပုံထဲတွင် ဌာနေတိုင်းရင်းသားအကြံပေးအဖွဲ့နှင့် ဌာနေတိုင်းရင်းသား ကိုယ်စားလှယ်များပါရှိရပါမည်။ ထို့ထက်မက ဆုံးရှုံးမှုနှင့် ထိခိုက်ပျက်စီးမှုဆိုင်ရာ ရံပုံငွေယန္တရားနှင့် ၎င်း၏ လုပ်ငန်းလည်ပတ်ဆောင်ရွက်မှု၏ အနှစ်သာရထဲတွင် လူ့အခွင့်အရေးဆိုင်ရာ အခြေခံသဘောတရားနှင့် စံချိန်စံညွှန်းများထားရှိရပါမည်။ ထို့အပြင် ဆုံးရှုံးမှုနှင့် ထိခိုက်ပျက်စီးမှုဆိုင်ရာ ရံပုံငွေထဲတွင် (ဌာနေတိုင်းရင်းသားများ၏) ငွေကြေးမဟုတ်သည့် ဆုံးရှုံးမှုနှင့် ထိခိုက်ပျက်စီးမှုတို့ကို အစိတ်အပိုင်းတစ်ခု အနေဖြင့် ထည့်သွင်းထားပြီး ၎င်းကို ဌာနေတိုင်းရင်းသားကျွန်ုပ်တို့ကိုယ်တိုင် သတ်မှတ်ပြဌာန်းခြင်း ဖြစ်ရပါမည်။

## ဌာနေတိုင်းရင်းသားများ၊ ဌာနေတိုင်းရင်းသားမဟုတ်သော လှုပ်ရှားဆောင်ရွက်သူများနှင့် နိုင်ငံသူများအတွက် စွမ်းဆောင်ရည်မြှင့်ပေးခြင်း

ဌာနေတိုင်းရင်းသားများ၊ ဌာနေတိုင်းရင်းသားမဟုတ်သော လှုပ်ရှားဆောင်ရွက်သူများနှင့် နိုင်ငံသူများအတွက် စွမ်းဆောင်ရည်မြှင့်ပေးခြင်း ဖွဲ့စည်းပုံထဲရှိသူ ယူအဲန်စီဘီဒီ နှင့် ယူအဲန်အက်ဖ်စီစီ ၏ လုပ်ငန်းအဆင့်ဆင့် တို့တွင် ပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် အသင့်ဖြစ်စေရန် ဌာနေတိုင်းရင်းသားများ အထူးသဖြင့် ဌာနေတိုင်းရင်းသူအမျိုးသမီး၊ လူငယ်နှင့် ခြားနားစွာသန်စွမ်းသူများအား စွမ်းဆောင်ရည်မြှင့်တင်ပေးခြင်း သည် လွန်စွာအရေးပါလှပါသည်။ ဌာနေတိုင်းရင်းသားများနှင့် အဓိပ္ပာယ်ပြည့်ဝစွာ ပူးပေါင်းဆောင်ရွက်နိုင်ရန် နှင့် ရာသီဥတုပြောင်းလဲခြင်းနှင့် ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းခြင်းဆိုင်ရာ လှုပ်ရှားဆောင် ရွက်မှုများတွင် သက်ဆိုင်ရာရပ်ရွာလူထုထံမှ အက်ဖ်ပီအိုင်စီ ရယူနိုင်ရန်အတွက် နိုင်ငံကိုယ်စားလှယ်အဖွဲ့နှင့် ဆက်စပ်ပတ်သက်သူများကို စွမ်းဆောင်ရည်မြှင့်တင်ပေးရန်လည်း လိုအပ်ပါသည်။



Mr. Lakpa Nuri Sherpa (nuri@aippnet.org)
Ms. Pirawan Wongnithisathaporn (pirawan@aippnet.org)
Mr. Prem Singh Tharu (prem@aippnet.org)

## ငွေကြေးနှင့်အရင်းအမြစ်ဆော်ဩစည်းရုံးခြင်း

ဌာနေတိုင်းရင်းသားများ၏ မြေပိုင်နက်နယ်မြေများ၊ ရေအရင်းအမြစ်များနှင့် သယံဇာတများသည် ကမ္ဘာ့လက်ကျန်ဇီဝမျိုးစုံမျိုးကွဲ ပမာဏအတော်များများကို ထိန်းသိမ်းထားရှိပြီး ယူအဲန်စီဘီဒီနှင့် ယူအဲန်အက်ဖ်စီစီတို့၏ ရည်မှန်းချက်များပြည့်မှီစေရန် များစွာအထောက်အကူပြုလျက်ရှိပါသည်။ ကမ္ဘာကြီးပူနွေးလာမှုနှင့် ဇီဝမျိုးစုံမျိုးကွဲ ဆုံးရှုံးရခြင်းတို့အတွက် အနည်းဆုံးထိခိုက်စေနိုင်သည့် သူများဖြစ်သော်လည်း ကျွန်ုပ်တို့သည် အထိခိုက်အခံစားရဆုံးသူများဖြစ်ကြပြီး ရာသီဥတုနှင့် ဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ ပြဿနာများကို ဖြေရှင်းဆောင်ရွက်နိုင်ရေးအတွက် လိုအပ်လျက်ရှိသော အရင်းအမြစ်များပေးအပ်ရန် ချန်လှပ်ထားခြင်းခံနေရပါသည်။

ဌာနေတိုင်းရင်းသားမြေပိုင်နက်နယ်မြေများနှင့် ရေအရင်းအမြစ်များအတွက်ပေးအပ်လာသော ငွေ ကြေးရံပုံငွေဆိုင်ရာရင်းနှီးမြုပ်နှံမှုနှင့် ဆော်ဩစည်းရုံးရေးဆောင်ရွက်ရာတွင် ကျွန်ုပ်တို့၏ ပိုင်ဆိုင်မှု၊ ခေါင်းဆောင်မှု၊ မိမိကိုယ်ကိုတိုင်ဆုံးဖြတ်နိုင်မှုနှင့် ကိုယ်တိုင်စီမံအုပ်ချုပ်မှုတို့ကို သေချာစေနိုင်မည့် ယူအဲန်ဒရစ်နှင့်ကိုက်ညီသော လူ့အခွင့်အရေးကို အခြေခံသောချဉ်းကပ်နည်းဖြင့် လမ်းညွှန်ရမည် ဖြစ်သည်။

ကမ္ဘာဇီဝမျိုးစုံမျိုးကွဲ မူဘောင်ဆိုင်ရာရံပုံငွေ၊ အစိမ်းရောင်ရာသီဥတုဆိုင်ရာရံပုံငွေနှင့် ဆုံးရှုံးမှုနှင့် ထိခိုက်ပျက်စီးမှုဆိုင်ရာရံပုံငွေ ကဲ့သို့သောငွေကြေးယန္တရားများတွင် ဌာနေတိုင်းရင်းသားများ အတွက်ရည်စူးသတ်မှတ်ထားသည့် အထောက်အပံ့များ၊ လုပ်ငန်းအစီအစဉ်များပါရှိရပါမည်။ ကျွန်ုပ်တို့အနေဖြင့် တိုင်းနိုင်ငံများအထူးသဖြင့် ဖွံ့ဖြိုးပြီးတိုင်းနိုင်ငံများမှ ၎င်းတို့၏ ပြည်သူ့အရင်း အမြစ်များမှ လက်လှမ်းမှီ၍ ရည်မှန်းချက်ကြီးသော ယုံကြည်အားထားရသည့် ရံပုံငွေများကို တိုက်ရိုက်ပံ့ပိုးပေးရန် တောင်းဆိုပါသည်။



Mr. Lakpa Nuri Sherpa (nuri@aippnet.org)
Ms. Pirawan Wongnithisathaporn (pirawan@aippnet.org)
Mr. Prem Singh Tharu (prem@aippnet.org)